# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

# မဟာဗျူဟာအစီအစဉ်

## ၂၀၁၄ - ၂၀၂၀

ဇွန်လ၊ ၂၀၁၇ ခုနှစ်

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၏ အမှာစာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ် စတင်ကျင့်သုံးသည့် ၂၀၁၀ခုနှစ်မှစတင်၍ အစိုးရ၏ ကဏ္ဍအသီးသီးတွင် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပေသည်။ ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်လျက်ရှိသည့် အရေးပါသော အစိုးရဌာနတစ်ခုမှာ ပြည်တွင်းအခွန်များဦးစီးဌာန ဖြစ်ပေသည်။ ထိရောက်ပြီး စွမ်းဆောင်ရည်ကောင်းမွန်သည့် အခွန်စနစ်တစ်ခုမရှိပါက အစိုးရအနေဖြင့် ပြည်သူများအတွက် အခြေခံဝန်ဆောင်မှုများ တိုးတက်လာအောင်ဆောင်ရွက်ရန် လွယ်ကူမည်မဟုတ်ပေ။ လက်ရှိအခွန်နှင့် ဂျီဒီပီအချိုးမှာ နိုင်ငံတကာစံနှုန်းနှင့်ဖြစ်စေ၊ ဒေသတွင်းနိုင်ငံများနှင့်ဖြစ်စေ နှိုင်းယှဉ်ပါက နိမ့်ကျလျက်ရှိရာ ယင်းအခြေအနေကို ပြုပြင်ပြောင်းလဲနိုင်ရေးမှာ ပြည်တွင်းအခွန်များဦးစီးဌာန၏ တာဝန်တစ်ရပ်ဖြစ်လျက် ရှိပေသည်။

အကြောင်းမသင့်လှစွာပင် မိမိတို့နိုင်ငံ၏ အခွန်စနစ်အတွင်း လိုက်နာဆောင်ရွက်မှု နည်းပါးလျက်ရှိသည်ကို တွေ့ရှိရပေသည်။ လူတစ်ဦးချင်းသော်လည်းကောင်း၊ လုပ်ငန်းများအနေဖြင့်သော်လည်းကောင်း လိုက်နာဆောင်ရွက်မှုမရှိဘဲ မိမိတို့ပေးဆောင်ရမည့် အခွန်ကိုပေးဆောင်မှု မရှိကြသည့်အတွက် အများအကျိုး လိုလားသူအချို့ ပေးဆောင်သည့် အခွန်အပေါ် မှီခိုအားထားနေကြသည့် အခြေအနေမျိုး ဖြစ်ပေါ်လျက် ရှိပေသည်။

မြန်မာနိုင်ငံ၏ အခွန်စီမံအုပ်ချုပ်မှုကို ခေတ်မီပြုပြင်ပြောင်းလဲရန် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ရဲဝံ့စွာဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည့်အတွက် မိမိအနေဖြင့် နှစ်ထောင်းအားရ ဖြစ်မိပေသည်။ ဤမဟာဗျူဟာအစီအစဉ်သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအစီအစဉ်အတွက် ကနဦးခြေလှမ်းတစ်ရပ် ဖြစ်မည်ဖြစ်ပြီး အနာဂတ်အတွက် ရှင်းလင်းသည့် မျှော်မှန်းချက်တစ်ရပ်ချမှတ်ပေးမည်ဖြစ်ကာ ယင်းမျှော်မှန်းချက်ကို အထမြောက်အောင်ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း သတ်မှတ်ပေးသွားမည် ဖြစ်ပေသည်။ ညွှန်ကြားရေးမှူးချုပ်နှင့်တကွ ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းများအားလုံးအတွက် ရှည်လျားခက်ခဲသောခရီးလမ်းက ဆီးကြိုလျက်ရှိနေသည်ကို မြင်တွေ့ရပေသည်။ မိမိအနေဖြင့် ယင်းတို့၏ အားထုတ်ဆောင်ရွက်မှုမှာ ပြည်သူ့ဝန်ထမ်းကဏ္ဍတစ်ရပ်လုံးအတွက် စံနမူနာပုံကောင်းတစ်ရပ်ဖြစ်သည်ဟု ချီးကျူးဂုဏ်ပြုလိုပေသည်။ အစိုးရအနေဖြင့်လည်း ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်ချက်များအား အစဉ်တစိုက်အားပေးကူညီသွားရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ဖော်ပြလိုက်ရပေသည်။

ညွှန်ကြားရေးမှူးချုပ်၏ အမှာစကား

လာမည့်ခြောက်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍကို ပြုပြင်ပြောင်းလဲရာတွင် ပြည်တွင်းအခွန်များ ဦးစီးဌာနသည် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေပေသည်။ ဤမဟာဗျူဟာ အစီအစဉ်သည် ပြည်တွင်းအခွန်များ ဦးစီးဌာနအတွက် ရှေ့ဆက်ရမည့် လမ်းစဉ်ပင်ဖြစ်သည်။

မိမိတို့ရှေ့တွင်ရှိနေသည့် တာဝန်မှာ လွယ်ကူလှသည့်တာဝန်တစ်ရပ် မဟုတ်ပေ။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် အတွင်း မိမိတို့အတွက် လမ်းညွှန်တစ်ရပ် ရရှိစေရန် မိမိအနေဖြင့် ညွှန်ကြားရေးမှူးများ၏ အကူအညီဖြင့် မိမိတို့၏ မဟာဗျူဟာအစီအစဉ် (Strategic Plan) ကို ပြုပြင်ပြောင်းလဲရေး လုပ်ငန်းအစီအစဉ်နှင့် ကိုက်ညီစေရန်အလို့ငှာ သုံးသပ်ရေးဆွဲထားခြင်း ဖြစ်သည်။

ဤမဟာဗျူဟာအစီအစဉ်တွင် ဖော်ပြထားသော အပြောင်းအလဲများသည် ကြီးမားပြီး ပြည်တွင်းအခွန်များဦးစီး ဌာန၏ လုပ်ငန်းကဏ္ဍအသီးသီးကို အခြေခံမှစ၍ ပြောင်းလဲစေမည် ဖြစ်ပေသည်။ ဤအစီအစဉ်ကို နိုင်ငံတော် အစိုးရ၏ အခွန်စီမံအုပ်ချုပ်မှုဆိုင်ရာ ရည်မှန်းချက်များနှင့်လည်း ကိုက်ညီအောင် ရေးဆွဲထားသည်။ မိမိတို့အနေဖြင့် အဓိက ရည်မှန်းချက် လေးရပ်ကို အကောင်အထည်ပေါ်အောင် ဖော်ဆောင်သွားမည် ဖြစ်ရာ ယင်းတို့မှာ

- အခွန်ပမာဏကို အများဆုံး မြှင့်တင်ရန်။
- အခွန်အခြေကို ချဲ့ထွင်ရန်။
  အခွန်ပေးဆောင်သင့်သူအားလုံး အခွန်ပေးဆောင် စေရမည်။ တန်ဖိုးမြင့်ခွန် (VAT)ကို စတင်ကျင့်သုံး သွားမည်။ အခွန်ထမ်းများအားလုံးကို တန်းတူညီမျှ ဆက်ဆံသွားရေး၊ ယင်းတို့ အနေဖြင့် လိုအပ်သော သတင်းအချက်အလက်များရရှိစေရေး ရည်သန်လျက်စနစ်များနှင့် လုပ်ငန်းစဉ်များကို ပြင်ဆင်သွားမည်။
- လိုက်နာဆောင်ရွက်မှုကို ထိန်းသိမ်းပြီး တိုး တက်အောင် ဆောင်ရွက်ရန်။
  အခွန်ထမ်းများအနေဖြင့် မိမိတို့၏ အခွန်ပေးဆောင်ရန် တာဝန်ကိုသိရှိပြီး ဆန္ဒအလျောက် လိုက်နာ ဆောင်ရွက်လာကြမည်။ လိုက်နာဆောင်ရွက်မှု မရှိသူများအား ဦးတည်လျက် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်။
- အခွန်စီမံအုပ်ချုပ်မှုကို ခေတ်မီအောင် ဆောင်ရွက်ရန်။ နိုင်ငံတကာက စံနမူနာများ အပေါ် အခြေခံပြီး မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ထားသည့် ခေတ်မီ အခွန်စီမံအုပ်ချုပ်ရေးတစ်ရပ် ဖြစ်ထွန်းစေရန် ဆောင်ရွက်သွားမည်။

မိမိတို့အနေဖြင့် အခွန်ထမ်းများ၏ လိုက်နာဆောင်ရွက်မှုတိုးတက်စေပြီး အခွန်ပေးဆောင်ထိုက်သူမှန်သမျှ ပေးဆောင် ထိုက်သည့် အခွန်ကိုအပိုအလိုမရှိ တိတိကျကျ ပေးဆောင်စေရန် ဆောင်ရွက်ခြင်း၊ တန်ဖိုးမြင့်ခွန် နှင့် ကိုယ်တိုင် စည်းကြပ်ခြင်းစနစ်များ စတင်ကျင့်သုံးခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏စနစ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များကို ခေတ်မီပြုပြင်ပြောင်းလဲခြင်း၊ နည်းပညာကို အမြင့်မားဆုံးအနေအထားအထိ အသုံးပြုခြင်း၊ ဝန်ထမ်းများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်း၊ ဌာနအပေါ်စီမံခန့်ခွဲပုံနှင့် ဦးဆောင်ပုံနည်းလမ်း များအား အပြောင်းအလဲပြုလုပ်ခြင်း၊ အခွန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူလူထုနှင့် လက်တွဲလုပ်ဆောင်ရာတွင်

လည်းကောင်း၊ ထိတွေ့ဆက်ဆံရာတွင်လည်းကောင်း တိုးတက်မှုရှိစေရေး ပြုလုပ်ခြင်းတို့အားဖြင့် အဆိုပါ ရည်မှန်းချက်များ ပြည့်ဝစေရန် ဆောင်ရွက်သွားမည်။

မိမိတို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများထံမှ ခိုင်မာသောပံ့ပိုးကူညီမှုများ ရရှိမည်ဖြစ်သကဲ့သို့ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်လည်း ယင်းပံ့ပိုးကူညီမှုများမှရရှိသည့် အခွင့်အရေးများကို အပြည့်အဝအသုံးချနိုင်စေရန် ဆောင်ရွက်သွားရမည် ဖြစ်ပေသည်။

ဖော်ပြပါ အပြောင်းအလဲများသည် မြန်မာနိုင်ငံ၏ အခွန်စီမံအုပ်ချုပ်မှု သမိုင်းကြောင်းတွင် အကြီးမားဆုံး အပြောင်းအလဲဖြစ်ကြောင်း ညွှန်ပြလျက်ရှိပေသည်။ အနာဂတ်လည်း ဤမျှပမာဏရှိသည့် အပြောင်းအလဲတစ်ရပ် ရှိဦးမည်ဟု မမျှော်မှန်းနိုင်ပေ။ ပုံမှန်အားဖြင့် အပြောင်းအလဲတစ်ရပ်ကို စီစဉ်ရေးဆွဲအကောင်အထည်ဖော်ရန် အချိန်ယူရမည်ဖြစ်သော်လည်း မိမိတို့ နိုင်ငံအနေဖြင့် အပြောင်းအလဲ၏ အသီးအပွင့်များကို အဆောတလျင် ခူးဆွတ်နိုင်စေရန် အလို့ငှာ မိမိတို့အနေဖြင့် ယခုပင်စတင်ပြီး လော့လာသင်ယူ လုပ်ဆောင်ကြရမည်သာ ဖြစ်ပေသည်။

ပြည်တွင်းအခွန်များဦးစီးဌာန၏ အဆင့်အသီးသီးရှိ ဝန်ထမ်းများ၏ အားပေးကူညီမှု မပါရှိဘဲ ယင်းသို့ လုပ်ဆောင်ရန် မဖြစ်နိုင်ပေ။ သို့ဖြစ်၍ ဝန်ထမ်းအားလုံး အပြောင်းအလဲ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကောင်းစွာသိရှိပြီး ပါဝင်ပူပေါင်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။

ပြည်တွင်းအခွန်များဦးစီးဌာန၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းအစီအစဉ်သည် ဌာနအား အသစ်တဖန် မွေးဖွားလိုက်သကဲ့သို့ ဖြစ်စေပေလိမ့်မည်။ မိမိတို့၏ ဌာန၊ မိမိတို့ဌာနရှိ ဝန်ထမ်းများနှင့် မိမိတို့အလုပ်အကျွေး ပြုနေသည့် နိုင်ငံ၏ အနာဂတ်တို့ကို ပိုမိုထွန်းပြောင်စေမည့် ဤပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို အကောင်အထည်ပေါ်အောင် ဆောင်ရွက်မည်ဟု မိမိအနေဖြင့် သန္နိဋ္ဌာန်ချမှတ်ထားပေသည်။ ဤအပြောင်းအလဲကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပါဝင်ခွင့်ရသည့်အတွက်လည်း မိမိအနေဖြင့် များစွာ နှစ်ထောင်အားရ ဖြစ်မိကြောင်း ထပ်လောင်း ဖော်ပြလိုက်ရပေသည်။

## ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ

## ချမှတ်ထားသောမဟာဗျူဟာအစီအစဉ်

၁။ မျှော်မှန်းချက် (Vision)

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ရေရှည်တွင်ရောက်ရှိမည့် တူညီသောမျှော်မှန်းချက်ပန်းတိုင် တစ်ခုထားရှိရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရန်အတွက် မျှော်မှန်းချက် (Vision) အား အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်ပါမည်-

"ကျွန်ုပ်တို့ဌာနသည် အလွန်ထိရောက်ကောင်းမွန်သော အခွန်စီမံခန့်ခွဲမှုလုပ်ငန်းများကို ရိုးသားဖြောင့်မတ်စွာဖြင့် ဆောင်ရွက်သည့် နိုင်ငံတကာအသိအမှတ်ပြု ခေတ်မီအဖွဲ့အစည်းတစ်ခု ဖြစ်ရမည်။"

၂။ လုပ်ငန်းတာဝန် (Mission)

အဆိုပါ မျှော်မှန်းချက် (Vision) ကိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင် နိုင်ရေးအတွက် အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ရမည့် တာဝန်များချမှတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် (Mission) အား အောက်ပါအတိုင်းချမှတ် ဆောင်ရွက်ပါမည်-

"ပြည်သူလူထု၏ ကြွယ်ဝချမ်းသာမှုအလို့ငှာ အခွန်ကို အမြင့်မားဆုံးရရှိစေရန်အတွက် စွမ်းရည်ပြည့်ဝသော ဝန်ဆောင်မှုပေးခြင်းဖြင့် အခွန်ထမ်းများအနေဖြင့် နိုင်ငံ့သားကောင်းများ ပီပီ ဆန္ဒအလျောက် အခွန်ပေးဆောင်လာစေရေး"

၃။ အကျိုးရလဒ် သို့မဟုတ် ရည်မှန်းချက် (Outcomes or Goals)

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ချမှတ်ထားသောတန်ဖိုးများ၊ နည်းဗျူဟာများချမှတ်ဆောင် ရွက်ခြင်းဖြင့် လုပ်ငန်းတာဝန်ကိုပြီးမြောက် အောင်မြင်စေမည်ဖြစ်ပြီး အောက်ပါအကျိုးရလာဒ်များ ရရှိနိုင်မည့် ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိမည် ဖြစ်ပါသည်-

| ရည်မှန်းချက် | ရှင်းလင်းချက် |
|---|---|
| အခွန်ပမာဏကိုအများဆုံးမြှင့်တင်ရန် | ဥပဒေနှင့်အညီ အခွန်ကောက်ခံရရှိမှုကို အမြင့်မားဆုံးအနေအထား ရောက်ရှိစေရန်။ အပိုအလိုမရှိ အတိအကျ ဆောင်ရွက်ရန်ဖြစ်ပါသည်။ |

| | |
|---|---|
| အခွန်အခြေကိုချဲ့ထွင်ရန် | အခွန်စနစ်အတွင်းပါဝင်သင့်သူများအားလုံး စနစ်အတွင်း ပါဝင်လာအောင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ တန်ဖိုးဖြည့်အခွန်ပုံစံ အတွင်းတွင် ပါဝင်သော သွယ်ဝိုက်ခွန်များမှာ အနာဂါတ် အခွန်စနစ်၏ သွင်ပြင်လက္ခဏာပင်ဖြစ်ပါသည်။နည်းစနစ်များနှင့် လုပ်ငန်းစဉ်များအားလုံးသည် အခွန်ထမ်းများအားလုံးအပေါ် သာတူညီမျှဖြစ်စေရန်နှင့် သတင်းအချက်အလက်များအားလုံးကို တန်းတူညီမျှဖြစ်အောင် ပံ့ပိုးပေးနိုင်ရပါမည်။ |
| လိုက်နာဆောင်ရွက်မှုကို တိုးတက်စေရန်နှင့် တိုးတက်မှုကို ဆောင်ရွက်ရန်။ | အခွန်ထမ်းမှယင်းတို့၏အခွန်ထမ်းဆောင်ရမည့်တာဝန်ကို နားလည်လက်ခံပြီး မိမိတို့ သဘောဆန္ဒအလျောက် လိုက်နာဆောင်ရွက်လာနိုင်ရေးဖြစ်ပါသည်။ လိုအပ်ပါက အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့်ညှိနှိုင်းလျက် အခွန်ဥပဒေကို မလိုက်နာပါ က အခြားအခွင့်အရေးများ တားမြစ်ကန့်သတ်ထားရန် ကန့်သတ်ညှိနှိုင်းမည်။ |
| အခွန်စီမံခန့်ခွဲမှုကိုခေတ်မီအောင် ဆောင်ရွက်ရန် | မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီမည့် နည်းပညာနှင့် အကောင်းဆုံး နိုင်ငံတကာ လုပ်နည်းလုပ်ဟန်များကို အခြေခံ၍ အခွန်စီမံအုပ်ချုပ်မှုကို ခေတ်မီပြုပြင်ပြောင်းလဲနိုင်ရေး ဖြစ်ပါသည်။ |

၄။ တန်ဖိုးများ (Values)

ပြည်တွင်းအခွန်များဦးစီးဌာနမှခံယူထားသော အထက်ပါမျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဝန်ထမ်းတိုင်းထားရှိ ရမည့်စွမ်းဆောင်ရည်များ၊ တန်ဖိုးများ၊ စံချိန်စံညွှန်းများအား အောက်ပါအတိုင်း သတ်မှတ် ဆောင်ရွက်ပါမည်-

| တန်ဖိုးများ | ရှင်းလင်းချက် |
|---|---|
| ကျွမ်းကျင်မှုပြည့်ဝခြင်း | မိမိတို့အနေဖြင့် အခွန်ထမ်းများ၊ အဓိကအားဖြင့် လုပ်ငန်းသဘာဝအရ အခွန်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်နေသူများအားလုံးကို လေးစားမှုနှင့် ယဉ်ကျေးမှုတို့ ရှေ့ထားပြီးမျှမျှတတ၊ သမာသမတ်ကျကျ ဆက်ဆံပါမည်။ မိမိတို့အနေဖြင့် အချိန်တိုင်းတွင် ရိုးသားဖြောင့်မတ်ခြင်း၊ အရည်အသွေးပြည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊ ယုံကြည်ကိုးစားနိုင်ခြင်းနှင့် တာဝန်ယူမှုအပြည့်ရှိခြင်းဟူသည့် အရည်အသွေးများဖြင့် လုပ်ငန်းများကို ကျွမ်းကျင်နိုင်နင်းစွာ ဆောင်ရွက်ပါမည်။ |
| ရိုးသားဖြောင့်မတ်ခြင်း | မိမိတို့အနေဖြင့် ဆက်ဆံလုပ်ကိုင်သည့်ကိစ္စရပ်တိုင်းအတွက် ရိုးသားမှု၊ ပွင့်လင်းမှုနှင့် ထင်သာမြင်သာရှိမှုထားရှိပါမည်။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ပေးအပ်သမျှ သတင်းအချက်အလက်များအနက်အများ ပြည်သူသို့ အချိန်မီအသိပေးရမည့် သတင်းအချက်အလက်များမှအပ လျှို့ဝှက်ရမည့် သတင်းအချက်အလက်များကို အစွမ်းကုန် လျှို့ဝှက်ထိန်းသိမ်းသွားပါ |

| | |
|---|---|
| | မည်။ အများပြည်သူသို့ အသိပေးရမည့် သတင်းအချက်အလက်များကိုလည်း အမှန်အတိုင်း ချက်ချင်းအသိပေးပါမည်။ မိမိတို့အနေဖြင့် မျှော်မှန်းချက် (Vision) နှင့် လုပ်ငန်းတာဝန် (Mission) တို့ကို ရောက်ရှိအောင်မြင်အောင် ယုံကြည်ချက်နှင့်အစွမ်းသတ္တိအပြည့်ထားရှိပြီး ဂုဏ်ယူစွာအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ မိမိတို့လုပ်ဖော်ကိုင်ဖက်များအကြား စည်းလုံးညီညွတ်မှု အပြည့်အဝထားရှိပြီး အချင်းချင်းအပြန်အလှန် လေးစားသမှုထားရှိပါမည်။ |
| ပူးပေါင်းဆောင်ရွက်ခြင်း | တစ်ဦး၏အမြင်ကို တစ်ဦးကလေးစားခြင်းနှင့် မိမိတို့၏ ပတ်ဝန်းကျင်ကို နှစ်သက်စဖွယ်ဖြစ်စေရန် စွမ်းဆောင်ခြင်းတို့အားဖြင့် မိမိတို့သည် တစ်ဦးနှင့်တစ်ဦး ပံ့ပိုးကူညီပါမည်။ လုပ်ငန်းတာဝန်များနှင့် မျှော်မှန်းချက်များအကောင်အထည်ဖော်ရာတွင် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားပါမည်။ |
| ဝန်ဆောင်မှုပေးခြင်း | မိမိတို့အနေဖြင့် အခွန်ထမ်းများနှင့် အစိုးရအား အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုပေးနိုင်ရန် အစဉ်အားထုတ်ဆောင်ရွက်ပါမည်။ အခွန်ထမ်းများအတွက် မိမိတို့ပေးအပ်သည့် ဝန်ဆောင်မှုများသည် ကြိုတင်ပြင်ဆင်မှုရှိသော၊ အချိန်နှင့်တပြေးညီဖြစ်သော၊ မှန်ကန်သော၊ နွေးထွေးပျူငှာသော၊ ရှေ့နောက်ညီညွတ်မှုရှိသော၊ လွယ်ကူအဆင်ပြေသောဝန်ဆောင်မှုများဖြစ်ရပါမည်။ အစိုးရအတွက် တိကျမှန်ကန်သော၊ ခိုင်မာမှုရှိသော ဝန်ဆောင်မှုများကို မြန်ဆန်စွာပေးနိုင်အောင် ဆောင်ရွက်ပါမည်။ |
| ဝန်ထမ်းများကိုတန်ဖိုးထားခြင်း | ဝန်ထမ်းများသည် မိမိတို့ဌာန၏ တန်ဖိုးအကြီးမားဆုံးရင်းမြစ်ဖြစ်သည်ဟု မှတ်ယူထားပါသည်။ ဝန်ထမ်းများအားလုံးကို တလေးတစားဆက်ဆံမည်ဖြစ်ပြီး အဖွဲ့အစည်းနှင့်စပ်လျဉ်းသည့် အပြောင်းအလဲမှန်သမျှကို ဝန်ထမ်းများအား ပွင့်လင်းစွာ ဆက်သွယ်အသိပေးသွားပါမည်။ သင်ယူလေ့လာခြင်းနှင့် တိုးတက်အောင်ဆောင်ရွက်နိုင်မည့် ရရှိသည့်အခွင့်အလမ်းများကို ရှာဖွေအသုံးချခြင်းအားဖြင့် မိမိတို့တွင်ရှိသော အစွမ်းအစကို အမြင့်မားဆုံးထုတ်သုံးနိုင်ရန် မိမိတို့အားလုံးတာဝန်ယူ ဆောင်ရွက်ပါမည်။ မိမိတို့အနေဖြင့်သင်ယူမှု၊ အကဲဖြတ်မှု၊ နည်းပေးလမ်းပြမှုနှင့် လမ်းညွှန်ပြသမှုတို့ကိုတန်ဖိုးထားပါမည်။ ဌာနအနေဖြင့်လည်း သင်ကြားပို့ချနိုင်ရန် အခွင့်အလမ်းရှာဖွေစီစဉ်ပါမည်။ |
| ခိုင်မာသောသန္နိဋ္ဌာန်ရှိခြင်း | ပြည်တွင်းအခွန်များဦးစီးဌာန၏ ရည်မှန်းချက်များပြည့်ဝပြီး အောင်မြင်သော အဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရန်အလို့ငှာ မိမိတို့အားလုံး မိမိတာဝန်မိမိကျေပွန်အောင် ဆောင်ရွက်ကြပါမည်။ မိမိတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာမှန်သမျှကို အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်နှင့် မျှော်မှန်းချက်များ ပြည့်ဝစေရေးအတွက် အလေးပေး ဆောင်ရွက်သွားပါမည်။ |

၅။ ဦးတည်ချက်များ (Objectives)

ပြည်တွင်းအခွန်များဦးစီးဌာန၏ လုပ်ငန်းတာဝန်များအား ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် အောက်ပါနည်းဗျူဟာများချမှတ်ဆောင်ရွက်ပါမည် -

| ဦးတည်ချက်များ | ရှင်းလင်းချက် |
|---|---|
| ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လုပ်ငန်းများထိရောက်စွာ ဆောင်ရွက်နိုင်စေမည့် ခိုင်မာသောဥပဒေမူဘောင် တစ်ရပ်ဖော်ဆောင်ခြင်း | ကိုယ်တိုင်စည်းကြပ်ခြင်းကဲ့သို့သော စီမံအုပ်ချုပ်မှုနည်းလမ်းအသစ်များကို ပံ့ပိုးမှုပေးနိုင်ရန် လုပ်ထုံးလုပ်နည်းများဆိုင်ရာနည်းလမ်းညွှန်ကြားချက်တစ်ရပ်ကို ရေးဆွဲရန်နှင့် အခွန်ဥပဒေများကို ပြန်လည်ရေးဆွဲခြင်း၊ တန်ဖိုးဖြည့်ခွန်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေတို့ကို ရေးဆွဲကျင့်သုံးခြင်း။ |
| စီမံအုပ်ချုပ်မှုနည်းလမ်းသစ်များနှင့် ကိုက်ညီစေရန် ပြည်တွင်းအခွန်များဦးစီးဌာနကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းခြင်း | ဌာနတစ်ခုလုံးကို အခွန်ထမ်းအမျိုးအစားအလိုက် (အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်စား အခွန်ထမ်းများဆိုင်ရာအခွန်ရုံး၊ အခွန်ထမ်းငယ်များဆိုင်ရာ အခွန်ရုံးစသည်ဖြင့်) ဦးတည်ပြီး လုပ်ငန်းနယ်ပယ်များ(အခွန်ထမ်းဝန်ဆောင်မှု၊ ကြေညာလွှာတင်သွင်းခြင်းနှင့် အခွန်ပေးဆောင်ခြင်း၊ ကြေညာလွှာတင်သွင်းမှုအပေါ် လိုက်နာဆောင်ရွက်ခြင်းနှင့် အခွန်ကြွေးကျန်ကောက်ခံမှု ဆောင်ရွက်ခြင်း၊ စာရင်းစစ်ဆေးခြင်း၊ အငြင်းပွားမှုများကိုဖြေရှင်းခြင်း၊ ဥပဒေရေးရာနှင့် အခွန်ဆိုင်ရာစီရင်ထုံးများ) အပေါ်မူတည်၍ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဌာနတစ်ခုလုံးကို ပိုမို လမ်းညွှန်ဦးဆောင်မှုပေးနိုင်ရန် ရုံးချုပ်ကိုလည်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း။ |
| အခွန်စည်းကြပ်ခြင်းလုပ်ငန်းစဉ်ကို ခေတ်မီအောင် ပြုပြင်ပြောင်းလဲခြင်း | ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ရုံးမှ တွက်ချက်စည်းကြပ်သည့်စနစ် (OAS) မှ တိကျခိုင်မာသော လမ်းညွှန်ချက်များအတိုင်း လိုက်နာလျက် အခွန်ထမ်းကိုယ်တိုင် မိမိပေးဆောင်ရမည့်အခွန်ကို ကိုယ်တိုင်တွက်ချက်စည်းကြပ်သည့်စနစ် (SAS) သို့ပြောင်းလဲခြင်း၊ သွယ်ဝိုက်ခွန်ပုံစံဖြစ်သော တန်ဖိုးဖြည့်ခွန်စနစ်ကို စတင်ကျင့်သုံးခြင်းနှင့် အခွန်အမှတ်တံဆိပ်ကို နယ်ပယ်ချဲ့ထွင်ကျင့်သုံးခြင်း။ |

| | |
|---|---|
| လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို အစီအစဉ်တကျ ဖြစ်စေပြီး ရိုးရှင်းအောင် ပြုလုပ်ရန်နှင့် နည်းပညာကို အပြည့်အဝ အသုံးချခြင်း | မိမိတို့အနေဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြန်လည်သုံးသပ်ပြီး အခွန်စီမံအုပ်ချုပ်မှု လုပ်ငန်းနယ်ပယ်အားလုံးတွင် နည်းပညာကို အသုံးပြုသွားမည်။ ဆက်သွယ်ရေးနည်းပညာကိုလည်း အခွန်စီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်ချက် အခြေအနေတစ်ခုလုံးအတွက် အထောက်အကူဖြစ်စေရန် စတင်အသုံးပြုခြင်း။ |
| ဆုံးရှုံးနိုင်ခြေ (risk) များကို ဖြေရှင်းနိုင်ရန် ဝန်ဆောင်မှုနှင့် အရေးယူ ဆောင်ရွက်ခြင်း နည်းလမ်းများကို မျှတစွာအသုံးချခြင်း | မိမိတို့အနေဖြင့်စနစ်အရသော်လည်းကောင်း၊ ကဏ္ဍအလိုက်သော်လည်းကောင်း၊ ဖြစ်ပေါ်လာသည့် risk များကို စီမံခန့်ခွဲရန် အလို့ငှာ အာရုံစိုက်ပြီး စွမ်းဆောင်ရည်များ တိုးတက်မြှင့်မားရေး အလေးပေးဆောင်ရွက်ခြင်း၊ အခွန်ထမ်းနှင့် အခွန်ထမ်း၏ လိုအပ်ချက်များအပေါ် အခြေခံ၍ အခွန်ထမ်းဝန်ဆောင်မှု အမျိုးမျိုးကို ဖော်ဆောင်သွားခြင်း၊ အခွန်ဥပဒေများကို လေးစားလိုက်နာခြင်း မရှိသူများအား ထိ ရောက်စွာ အရေးယူဆောင်ရွက်ခြင်း၊ |
| ဝန်ထမ်းများကိုဖွံ့ဖြိုးတိုးတက်စေရန် နှင့် ယင်းတို့၏ အစွမ်းအစရှိသမျှ အစွမ်းကုန် အသုံးချနိုင်စေခြင်း | လူသားအရင်းအမြစ်ဆိုင်ရာစနစ်များ၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများအားလုံးကို ပြန်လည်သုံးသပ်ပြီး စီမံအုပ်ချုပ်မှု နည်းလမ်းအသစ်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခြင်း၊ ကဏ္ဍအလိုက်၊ လုပ်ငန်းနယ်ပယ်အလိုက်၊ တစ်ဦးချင်းအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ချမှတ်ဖော်ဆောင်ခြင်း၊ |
| အပြောင်းအလဲများကို စီမံခန့်ခွဲနိုင်စေရန် ခေါင်းဆောင်မှုနှင့်စီမံအုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များရေးဆွဲအကောင်အထည်ဖော်ခြင်း | ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မိမိတို့၏စနစ်၊ မိမိတို့၏ ဝန်ထမ်းများနှင့် ဆက်စပ်ပတ်သက်သူများအပေါ် သက်ရောက်မှုရှိနိုင်မည့် အဆိုပါ သိသာထင်ရှားသည့် အပြောင်းအလဲများကို စီမံခန့်ခွဲရန်လိုအပ်သည့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိခြင်း၊ မိမိတို့ဝန်ထမ်းများနှင့် အဓိကဆက်စပ် ပတ်သက်သူများအကြား ချိတ်ဆက်ဆောင်ရွက်မှုရှိစေရန် လုပ်ငန်းစဉ်များ သတ်မှတ်ထားရှိခြင်း၊ |
| စီမံအုပ်ချုပ်မှု၏ကဏ္ဍအားလုံးတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစေရေး ဆောင်ရွက်ခြင်း | ဌာနတွင်းနှင့် ဌာနပြင်ပအတွက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုဆိုင်ရာစနစ်များ တည်ထောင်ခြင်း၊ ယင်းစနစ်ဖြင့် အခွန်စနစ်၏ သမာသမတ်ရှိမှုအပေါ် အများပြည်သူ၏ ယုံကြည်ကိုးစားမှု ရရှိစေရန် ဆောင်ရွက် ခြင်း၊ |

၆။ ဆောင်ရွက်မည့်နည်းလမ်း (Approaches)

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ချမှတ်ထားသည့်နည်းဗျူဟာများအား အောက်ပါနည်းလမ်းများဖြင့် အကောင်အထည် ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအစီအစဉ်တစ်ခုလုံးကို ပြည်တွင်းအခွန်များဦးစီးဌာနက စီမံဦးဆောင်သွားရန်၊

(ခ) လိုအပ်ပါကအကြံပေးများဖြင့် ပံ့ပိုးမှုများဆောင်ရွက်ရန်၊

(ဂ) ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အဖွဲ့အစည်း၏စွမ်းဆောင်ရည်နှင့် အပြောင်းအလဲအတွက် အဆင်သင့်ဖြစ်မှုနှင့်အညီ စဉ်ဆက်မပြတ် တိုးတက်မှုရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ပြည်တွင်းအခွန်များဦးစီးဌာနတစ်ခုလုံးတွင် ဖော်ဆောင်ခြင်းမပြုမီ ကနဦးအနေဖြင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(င) အလှူရှင်များ၏အကူအညီကို လိုအပ်ချက်အပေါ်မူတည်၍ ရယူဆောင်ရွက်ရန်၊

(စ) ဆောင်ရွက်ပုံနည်းလမ်းအသစ်များကိုဖော်ဆောင်နိုင်စေရန်လည်းကောင်း၊ ဌာနကို ဦးဆောင်လမ်းညွှန်မှုပေးနိုင်စေရန်လည်းကောင်း ရုံးချုပ်ကိုပြန်လည်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ရန်၊


(ဆ) ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် နိုင်ငံတကာမှ အကောင်းဆုံးလုပ်နည်းလုပ်ဟန်များကို မြန်မာ့ရေမြေသဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြီး အသုံးချရန်၊

(ဇ) စီမံချက်နှင့် လုပ်ငန်းအားလုံးကိုအစီအစဉ်ချမှတ် ဆောင်ရွက်သွားရန်၊

(ဈ) လုပ်ငန်းအားလုံးတွင် စီမံချက်စီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းများကို အသုံးပြုလျက် တည်ဆဲဥပဒေများနှင့် ညီညွတ်အောင်ဆောင်ရွက်ရန်၊

(ည) သင်ခန်းစာများထုတ်ယူရရှိစေရန် အလို့ငှာစီမံချက်အားလုံးအပေါ် လုပ်ငန်းပြီးစီးသည်နှင့် အကောင်အထည်ဖော်မှုပြီးနောက်ပြန်လည်သုံးသပ်ခြင်းပြုလုပ်သွားရန်၊

## ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ



# ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

**ပြည်တွင်းအခွန်များဦးစီးဌာန၏ ခေတ်မီအောင်ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ**

ဥပဒေမူဘောင်ပြင်ဆင်ရေးဆွဲမှု

- ရိုးရှင်း၍ခိုင်မာမှုရှိစေရန် လေ့လာသုံးသပ်ခြင်း
- အခွန်ထမ်းကိုယ်တိုင်စည်းကြပ်နိုင်စေရန်ဆောင်ရွက်ခြင်း
- အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတည်ထောင်နိုင်ရန် ဆောင်ရွက်ခြင်း
- အခွန်ဆိုင်ရာဥပဒေလုပ်ထုံးလုပ်နည်းများချမှတ်ခြင်း
- တန်ဖိုးဖြည့်အခွန်ဥပဒေပြုခြင်း

ပြည်တွင်းအခွန်များဦးစီးဌာနကိုပြန်လည်ဖွဲ့စည်းခြင်း

- ပြည်တွင်းအခွန်များဦးစီးဌာနကို ကဏ္ဍအလိုက် အထူးပြုလုပ်ဆောင်မှု ကို အခြေခံသည့်ဌာနတစ်ခုအဖြစ် ပြန်လည်ဖွဲ့စည်းခြင်း
- ဦးစီးရုံး၏ အခန်းကဏ္ဍကို ပြည်လည်ဖွဲ့စည်းသတ်မှတ်ခြင်း
- ဖန်တီးမှု၊စီစဉ်မှု၊အစီရင်ခံမှုနှင့်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းစဉ် များကို ခိုင်မာအောင်ဆောင်ရွက်ခြင်း

အခွန်စည်းကြပ်ခြင်းလုပ်ငန်းစဉ်များခေတ်မီအောင်ဆောင်ရွက်ခြင်း

- အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ်ကိုစတင်ဆောင် ရွက်ရန်
- တန်ဖိုးဖြည့်အခွန်စနစ်ကို ပုံဖော်ခြင်း၊ရေးဆွဲခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
- စည်းမျဉ်းများချမှတ်ထားခြင်းနှင့်အယူခံခြင်းလုပ်ငန်းစဉ်များကိုပြန်လည်သုံးသပ်ခြင်း
- အခွန်ထမ်းမှတ်ပုံတင်အမှတ်အသစ်သတ်မှတ်ခြင်း

ဝန်ဆောင်မှုပေးခြင်းနှင့်အရေးယူဆောင်ရွက်ခြင်းဆိုင်ရာချဉ်းကပ်မှုများ

- အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးဖွဲ့စည်းတည်ထောင်ခြင်း
- အခွန်စာရင်းစစ်ဆေးခြင်း လုပ်ဆောင်ချက်များအကောင်အထည်ဖော်ခြင်း
- မှတ်ပုံတင်စာရင်းသွင်းခြင်းနှင့်အခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ လုပ်ဆောင်ချက်များအကောင်အထည်ဖော်ခြင်း
- ဝင်ငွေကြေငြာလွှာတင်သွင်းခြင်းနှင့်အခွန်ပေးဆောင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များအကောင်အထည်ဖော်ခြင်း
- အခွန်ထမ်းဝန်ဆောင်မှုနှင့် အရေးယူမှုဆိုင်ရာမဟာဗျူဟာများချမှတ်ခြင်း
- အခွန်ထမ်းများနှင့်ဆက်သွယ်ညှိနှိုင်းမှုအစီအစဉ်များချမှတ်ခြင်း
- ခိုင်မာသောအရေးယူမှုဆိုင်ရာနည်းလမ်းများချမှတ်ခြင်း

ဝန်ထမ်းများအားတိုးတက်စေရေးဆောင်ရွက်ခြင်း

- စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒ၊နည်းစနစ်များ၊လုပ်ငန်းစဉ်အဆင့်များ နှင့် လုပ်ထုံးလုပ်နည်းများကိုအဆင့်မြှင့်တင်ခြင်း
- တစ်ဌာနလုံးအတိုင်းအတာဖြင့်သင်တန်းများဖွင့်လှစ်ခြင်း
- ပညာရှင်များ ဌာနအသီးသီးတွင် ထားရှိနိုင်ရေး အစီအစဉ်များချမှတ်ခြင်း
- အပြောင်းအလဲများကို အကဲဖြတ်သုံးသပ်ခြင်း

နည်းပညာအသုံးချမှု

- သတင်းနည်းပညာဆိုင်ရာဌာနခွဲဖွဲ့စည်းတည်ထောင်ခြင်း
- သတင်းနည်းပညာဆိုင်ရာစီမံကိန်းများချမှတ်ခြင်း
- သတင်းနည်းပညာစနစ်သစ်ထုထောင်ခြင်း

ပြောင်းလဲမှုများကိုဦးဆောင်ဦးရွက်ပြုခြင်း

- ဌာနမျိုးစုံပါဝင်သော ဦးစီးကော်မတီဖွဲ့စည်းတည်ထောင်ခြင်း
- ပြည်တွင်းအခွန်များဦးစီးဌာနဗဟိုကော်မတီဖွဲ့စည်းတည်ထောင်ခြင်း
- ပြုပြင်ပြောင်းလဲရေးဌာနဖွဲ့စည်းတည်ထောင်ခြင်း
- အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့များဖွဲ့စည်းတည်ထောင်ခြင်း
- ဆက်ဆံရေးနှင့်ပြောင်းလဲမှုစီမံခန့်ခွဲရေးလုပ်ငန်းစဉ်အဆင့်များချမှတ်ခြင်း

ပွင့်လင်းမြင်သာမှု နှင့် ရှင်းလင်းတင်ပြနိုင်မှုရှိစေရေး ဆောင်ရွက်ခြင်း

- အစီအစဉ်များရေးဆွဲခြင်း၊ တင်ပြခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းစနစ်များကိုပွင့်လင်းမြင်သာမှုရှိစေရေးဆောင်ရွက်ရန်
- ဌာနတွင်းစစ်ဆေးခြင်းများကိုပိုမိုထိရောက်အောင်ဆောင်ရွက်ခြင်း
- လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ခြင်း

# ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ပြီးဆုံးသည့်အခါ ဖြစ်ထွန်းလာမည့်ပုံစံ

## ပြည်တွင်းအခွန်များဦးစီးဌာန ကို ခေတ်မီပြုပြင်ပြောင်းလဲခြင်း

### ဥပဒေမူဘောင်

- ဥပဒေများသည် ရှင်းလင်းပြီး နားလည်လွယ်သည်
- ထိရောက်သည့် အခွန်စနစ်ဖြစ်စေရန် ဥပဒေက ပံ့ပိုးပေးလျက်ရှိသည်
- ပတခတွင် ခိုင်မာသော ဥပဒေအထောက်အကူပြုအဖွဲ့နှင့် ကျွမ်းကျင်မှု ရှိသည်
- ဝန်ထမ်းများသည် အခွန်ပညာရပ်ဆိုင်ရာ အချက်အလက်များအား လွယ်ကူစွာ ရယူလေ့လာနိုင်သည်

### ပတခအား ပြန်လည်ဖွဲ့စည်းခြင်း

- ထိရောက်သော အခွန်စနစ်ဖြစ်စေရန် ပံ့ပိုးပေးမည့် လုပ်ငန်းတာဝန်အလိုက် ဖွဲ့စည်းပုံကို ကျင့်သုံးလျက်ရှိသည်
- ရာထူးနှင့် တာဝန်များကို ရှင်းလင်းစွာ သတ်မှတ်ထားသည်
- ခိုင်မာပြီး ပံ့ပိုးမှုကောင်းသည့် ရုံးချုပ်ကို ဖွဲ့စည်းထားသည်
- ရုံးချုပ်၊LTO၊ MTO နှင့် STOများတွင် လုပ်ငန်းများအပြည့်အဝ လည်ပတ်လျက်ရှိသည်

### အခွန်စည်းကြပ်ခြင်းလုပ်ငန်းစဉ်များအား ခေတ်မီပြုပြင်ပြောင်းလဲခြင်း

- ကိုယ်တိုင်စည်းကြပ်ခြင်းစနစ်ကို အပြည့်အဝ ကျင့်သုံးလျက်ရှိသည်
- အခွန်ထမ်းများအနေဖြင့် မိမိတို့ပေးဆောင်ရမည့် အခွန်နှင့် စပ်လျဉ်းပြီး သေချာစွာ သိရှိထားကြသည်
- တန်ဖိုးမြှင့်ခွန် ကျင့်သုံးလျက်ရှိသည်
- လုပ်ငန်းစဉ်အားလုံး နေသားတကျ ဖြစ်နေပြီး လုပ်ဆောင်ရန် လွယ်ကူရှင်းလင်းမှု ရှိသည်
- တသမတ်တည်းမှန်ကန်သော စည်းကြပ်မှုများကို ပြုလုပ်လျက်ရှိသည်
- ငွေတောင်းခံလွှာများနှင့် စည်းကြပ်မှုပုံစံများသည် နားလည်ရန် လွယ်ကူသည်

### မိမိတို့ဝန်ထမ်းများအား ပြုစုပျိုးထောင်ခြင်း

- စွမ်းရည်ပြည့်ဝပြီး လိုအပ်သော အရည်အချင်းများနှင့် ပြည့်စုံသည့် ဝန်ထမ်းများကို ပိုင်ဆိုင်ထားသည်
- လုပ်ငန်းစွမ်းဆောင်ရည်ကို အခြေခံ၍ ဆုချီးမြှင့်လျက်ရှိသည်
- လုပ်ငန်းခွင် အခြေအနေ တိုးတက်ကောင်းမွန်လျက်ရှိသည်
- ခေတ်မီနည်းစနစ်များကို အသုံးပြုလျက်ရှိသည်
- ဝန်ထမ်းများသည် ကိုယ်ကျင့်သိက္ခာ မြင့်မားလျက်ရှိသည်
- ပတခရှိ ဝန်ထမ်းများအား အဂတိလိုက်စားအောင် ဆွဲဆောင်၍ မရပေ
- ပတခသည် မြန်မာနိုင်ငံတွင် အလုပ်လုပ်ရန် အကောင်းဆုံးနေရာတစ်ခုဖြစ်သည်

### ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကို တည်ဆောက်ခြင်း

- စီမံခန့်ခွဲမှုဆိုင်ရာ အသေးစိတ် အစီရင်ခံစာများကို တိကျမှန်ကန်စွာ ပြုစုထားသည်
- အခွန်ဆိုင်ရာ အချက်အလက်များကို ပုံမှန် ပုံနှိပ်ထုတ်ဝေသည်
- စီမံခန့်ခွဲမှုအဆင့် ဆုံးဖြတ်ချက်များကို အချက်အလက်များအပေါ် အခြေခံ ဆောင်ရွက်လျက်ရှိသည်
- မသင့်လျော်သော အပြုအမူများကို လက်ခံခြင်း မရှိပေ
- အဂတိလိုက်စားမှုကို လုံးဝ လက်ခံခြင်းမရှိပေ
- စီမံခန့်ခွဲမှုအပိုင်းမှ တူညီသော အမြင်ကိုသာ ဖော်ထုတ်ပြသသည်

### အပြောင်းအလဲကို ဦးဆောင်ခြင်း

- ရာထူးအဆင့်အားလုံးတွင် ခိုင်မာသော ခေါင်းဆောင်မှု စွမ်းရည်ကို ပြသလျက်ရှိသည်
- လုပ်ငန်းများကို ပုံစံတကျ စည်းစနစ်ရှိရှိ ဆောင်ရွက်လျက်ရှိသည်
- လုပ်ငန်းအားလုံးကို အစီအစဉ်ရေးဆွဲပြီး စီမံခန့်ခွဲလျက်ရှိသည်

### နည်းပညာကို အသုံးပြုခြင်း

- ပတခတွင် အခွန်စီမံအုပ်ချုပ်မှုဆိုင်ရာ ခေတ်မီကွန်ပျူတာ စနစ်တစ်ရပ် ရှိသည်
- ဝန်ထမ်းများအားလုံးသည် ခေတ်မီနည်းပညာကို အသုံးပြုနိုင်သည်
- ဌာနတစ်ခုလုံးကို ကွန်ပျူတာ ကွန်ယက်ဖြင့် ချိတ်ဆက်ထားသည်
- အခွန်ကြေညာလွှာများနှင့် အခွန်ပေးဆောင်မှုများကို အွန်လိုင်းမှ လက်ခံလျက်ရှိပြီး စာရင်းများအား ကြည့်ရှုနိုင်သည်
- ဝန်ထမ်းများအား နည်းပညာအသစ်များ လေ့ကျင့်ပေးထားပြီး ကျွမ်းကျင်လျက်ရှိသည်
- ဝန်ထမ်းများအနေဖြင့် စနစ်အတွင်းရှိ အခွန်ဆိုင်ရာ သတင်းအချက်အလက်များနှင့် အခွန်ထမ်း၏ စာရင်းများကို ဝင်ရောက်ကြည့်ရှု နိုင်သည်

### ဝန်ဆောင်မှုနှင့် အရေးယူဆောင်ရွက်မှု နည်းလမ်းများ

- အခွန်ထမ်းများအနေဖြင့် ယင်းတို့၏ အခွင့်အရေးများနှင့် တာဝန်များကို သိရှိနားလည်လျက်ရှိသည်
- အခွန်ထမ်းများသည် လူကိုယ်တိုင် လာရောက်ခြင်း၊ တယ်လီဖုန်း၊ တ၊ အီးမေးလ်၊ စာအုပ်စာတမ်းစသည့် နည်းလမ်းများမှတဆင့် ပတခမှ ကောင်းမွန်သော ဝန်ဆောင်မှုကို ရရှိနေသည်
- တသမတ်တည်းတူညီသော အကြံပြုချက်များကို ပေးအပ်လျက်ရှိသည်
- စာရင်းစစ်ဆေးခြင်း၊ အခွန်ကြွေးကောက်ခံခြင်းနှင့် ကြေညာလွှာ လက်ခံခြင်းတို့အတွက် အထူးတလည်လေ့ကျင့်ပေးထားသော ဝန်ထမ်းများ ရှိသည်
- ထည်းနည်းစည်းကမ်းများကို မျှတစွာ တပြေးညီ ကျင့်သုံးလျက်ရှိသည်
- လိုက်နာဆောင်ရွက်မှု မရှိခြင်းကို သိရှိဖော်ထုတ်နိုင်စေမည့် ခေတ်မီနည်းစနစ်များကို အသုံးပြုနေသည်
- အခွန်ထမ်းများအနေဖြင့် လိုက်နာဆောင်ရွက်မှုမရှိခြင်း၏ အကျိုးဆက်ကို သိရှိထားကြသည်
- လိုက်နာဆောင်ရွက်မှု မရှိသူများအား ဥပဒေနှင့်အညီ ပြတ်သားသော အရေးယူမှု ပြုလုပ်လျက်ရှိသည်

## ၁။ ဥပဒေရေးရာ

| | | ၂၀၁၄-၁၅ | | | | ၂၀၁၅-၁၆ | | | | ၂၀၁၆-၁၇ | | | | ၂၀၁၇-၁၈ | | | | ၂၀၁၈-၁၉ | | | | ၂၀၁၉-၂၀၂၀ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 |
| LTO ကို လည်ပတ်နိုင်အောင် ဆောင်ရွက်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| LTOနှင့် ပတာခတွင် ကိုယ်တိုင်စည်းကြပ်ခြင်း စနစ်ကျင့်သုံးခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| လက်ရှိ အခွန်ဥပဒေများကို ပြန်လည်ရေးသားခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| SCT (အထူးကုန်စည်ခွန်) | | | | | | | | | | | | | | | | | | | | | | | | | |
| VAT (တန်ဖိုးမြှင့်ခွန် ဥပဒေ) | | | | | | | | | | | | | | | | | | | | | | | | | |
| အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်း ဥပဒေ | | | | | | | | | | | | | | | | | | | | | | | | | |

## ၂။ ဖွဲ့စည်းပုံ ပြင်ဆင်ခြင်း

| | | ၂၀၁၄-၁၅ | | | | ၂၀၁၅-၁၆ | | | | ၂၀၁၆-၁၇ | | | | ၂၀၁၇-၁၈ | | | | ၂၀၁၈-၁၉ | | | | ၂၀၁၉-၂၀၂၀ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 |
| LTO တည်ထောင်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| MTO များ တည် ထောင်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| STO များ တည် ထောင်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| ရုံးချုပ် တည်ထောင် ခြင်း | ရုံးချုပ် ဖွဲ့စည်းပုံ ပြောင်းလဲခြင်း | | | | | | | | | | | | | | | | | | | | | | | | |
| | Design and Monitoring (စီမံချက် ရေးဆွဲ စောင့်ကြည့်ရေး) လုပ်ငန်းများ စတင် ဆောင်ရွက်ခြင်း | | | | | | | | | | | | | | | | | | | | | | | | |
| | ရုံးချုပ်အား လုပ်ငန်း အခြေပြု ဖွဲ့စည်းပုံသို့ ပြောင်းလဲခြင်း | | | | | | | | | | | | | | | | | | | | | | | | |

၃။ စည်းကြပ်ခြင်း လုပ်ငန်းစဉ်

| | | ၂၀၁၄-၁၅ | | | | ၂၀၁၅-၁၆ | | | | ၂၀၁၆-၁၇ | | | | ၂၀၁၇-၁၈ | | | | ၂၀၁၈-၁၉ | | | | ၂၀၁၉-၂၀၂၀ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 |
| ကိုယ်တိုင် စည်းကြပ်ခြင်း စနစ် | LTO တွင် စမ်းသပ်ကျင့်သုံးခြင်း | | | | | | | | | | | | | | | | | | | | | | | | |
| | MTOများ | | | | | | | | | | | | | | | | | | | | | | | | |
| | STOများ | | | | | | | | | | | | | | | | | | | | | | | | |
| အထူးကုန်စည်ခွန် စီစဉ် ရေးဆွဲ အကောင် အထည် ဖော်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| VAT စီစဉ် ရေးဆွဲ အကောင်အထည် ဖော်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |

၄။ နည်းပညာ

| | | ၂၀၁၄-၁၅ | | | | ၂၀၁၅-၁၆ | | | | ၂၀၁၆-၁၇ | | | | ၂၀၁၇-၁၈ | | | | ၂၀၁၈-၁၉ | | | | ၂၀၁၉-၂၀၂၀ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 |
| အခွန်စနစ်အား ကွန်ပျူတာ အပြည့် အဝ အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်း | ကွန်ပျူတာ စနစ်သစ်တစ်ခု စီစဉ် ရေးဆွဲ အကောင်အထည် ဖော်ခြင်း | | | | | | | | | | | | | | | | | | | | | | | | |
| | LTO တွင် စမ်းသပ် အသုံးပြုခြင်း | | | | | | | | | | | | | | | | | | | | | | | | |
| | ရုံးချုပ် | | | | | | | | | | | | | | | | | | | | | | | | |
| | MTO | | | | | | | | | | | | | | | | | | | | | | | | |
| | STO | | | | | | | | | | | | | | | | | | | | | | | | |

## ၅။ ဝန်ဆောင်မှုနှင့် ဥပဒေ စိုးမိုးရေး

| | | ၂၀၁၄-၁၅ | | | | ၂၀၁၅-၁၆ | | | | ၂၀၁၆-၁၇ | | | | ၂၀၁၇-၁၈ | | | | ၂၀၁၈-၁၉ | | | | ၂၀၁၉-၂၀၂၀ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 |
| အခွန်ထမ်း ဝန်ဆောင်မှု | LTOတွင် စမ်းသပ်ကျင့်သုံးခြင်း | | | | | | | | | | | | | | | | | | | | | | | | |
| | ရုံးချုပ်- စီမံချက် ရေးဆွဲစောင့်ကြည့် ခြင်း (Design and Monitoring) | | | | | | | | | | | | | | | | | | | | | | | | |
| | MTOများ | | | | | | | | | | | | | | | | | | | | | | | | |
| | STOများ | | | | | | | | | | | | | | | | | | | | | | | | |
| | ဖုန်းမှ ကိုင်တွယ်သည့် တယ်လီဖုန်း အမေးအဖြေဌာနများ | | | | | | | | | | | | | | | | | | | | | | | | |
| စာရင်းစစ်ဆေးခြင်း | LTO | | | | | | | | | | | | | | | | | | | | | | | | |
| | ရုံးချုပ်- စီမံချက် ရေးဆွဲစောင့်ကြည့် ခြင်း (Design and Monitoring) | | | | | | | | | | | | | | | | | | | | | | | | |
| | MTOများ | | | | | | | | | | | | | | | | | | | | | | | | |
| | STOများ | | | | | | | | | | | | | | | | | | | | | | | | |
| အခွန် ကောက်ခံခြင်း | LTO | | | | | | | | | | | | | | | | | | | | | | | | |

| | | | | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ရုံးချုပ်- စီမံချက် ရေးဆွဲ စောင့်ကြည့် ခြင်း (Design and Monitoring) | | | | | | | | | | | | | | | | | | | | | | | | |
| | MTOများ | | | | | | | | | | | | | | | | | | | | | | | | |
| | STOများ | | | | | | | | | | | | | | | | | | | | | | | | |
| ကြေညာလွှာ တင်သွင်းခြင်းနှင့် အခွန် ပေးဆောင်ခြင်း လုပ်ငန်းစဉ်များ | LTO | | | | | | | | | | | | | | | | | | | | | | | | |
| | ရုံးချုပ်- စီမံချက် ရေးဆွဲ စောင့်ကြည့်ခြင်း (Design and | | | | | | | | | | | | | | | | | | | | | | | | |
| | MTOများ | | | | | | | | | | | | | | | | | | | | | | | | |
| | STOများ | | | | | | | | | | | | | | | | | | | | | | | | |
| | လုပ်ငန်းစဉ်များအား ဗဟိုမှ ကိုင်တွယ်ခြင်း | | | | | | | | | | | | | | | | | | | | | | | | |
| | ကြေညာလွှာများအား အီလက်ထရောနစ် နည်းလမ်းဖြင့် တင်သွင်းစေခြင်း | | | | | | | | | | | | | | | | | | | | | | | | |
| | အီလက်ထရောနစ် နည်းလမ်းဖြင့် အခွန် ပေးဆောင်စေခြင်း | | | | | | | | | | | | | | | | | | | | | | | | |

| | | | | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သတင်းအချက်အလက် ထောက်လှမ်းရေး စနစ်များ ထူထောင်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| နည်းပညာနှင့် ဥပဒေရေးရာ ပံ့ပိုးမှုပေးခြင်း | နည်းပညာနှင့် ဥပဒေရေးရာ ဌာနခွဲများ ထူထောင်ခြင်း | | | | | | | | | | | | | | | | | | | | | | | | |
| ကန့်ကွက်ခြင်းနှင့် အယူခံခြင်းများ | LTO | | | | | | | | | | | | | | | | | | | | | | | | |
| | ရုံးချုပ်တွင် လုပ်ငန်းစဉ်များ ရေးဆွဲထားရှိခြင်း | | | | | | | | | | | | | | | | | | | | | | | | |
| တစ်ခုတည်းသော အခွန်ထမ်း မှတ်ပုံတင်နံပါတ် | LTO | | | | | | | | | | | | | | | | | | | | | | | | |
| | အခွန်ထမ်းအားလုံး | | | | | | | | | | | | | | | | | | | | | | | | |

၆။ ဝန်ထမ်း

| | | ၂၀၁၄-၁၅ | | | | ၂၀၁၅-၁၆ | | | | ၂၀၁၆-၁၇ | | | | ၂၀၁၇-၁၈ | | | | ၂၀၁၈-၁၉ | | | | ၂၀၁၉-၂၀၂၀ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 |
| လူသားရင်းမြစ် ဌာနခွဲ ထူထောင်ခြင်း | ရုံးချုပ် | | | | | | | | | | | | | | | | | | | | | | | | |
| လူသားရင်းမြစ် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| သင်တန်းပို့ချခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ | | | | | | | | | | | | | | | | | | | | | | | | | |

၇။ အုပ်ချုပ်မှု

| | | ၂၀၁၄-၁၅ | | | | ၂၀၁၅-၁၆ | | | | ၂၀၁၆-၁၇ | | | | ၂၀၁၇-၁၈ | | | | ၂၀၁၈-၁၉ | | | | ၂၀၁၉-၂၀၂၀ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 |
| TRPMUအပြည့်အဝ လုပ်ငန်း လည်ပတ်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| ဦးစီးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း လည်ပတ်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |

၈။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု

| | | ၂၀၁၄-၁၅ | | | | ၂၀၁၅-၁၆ | | | | ၂၀၁၆-၁၇ | | | | ၂၀၁၇-၁၈ | | | | ၂၀၁၈-၁၉ | | | | ၂၀၁၉-၂၀၂၀ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 |
| မဟာဗျူဟာ အစီအစဉ် | | | | | | | | | | | | | | | | | | | | | | | | | |
| ပြုပြင်ပြောင်းလဲရေး အစီအစဉ် | | | | | | | | | | | | | | | | | | | | | | | | | |
| အစီအစဉ် ရေးဆွဲခြင်းနှင့် အစီရင်ခံခြင်း စနစ်များ တည်ဆောက်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| လုပ်ငန်းအဆင့် အစီအစဉ်များ | LTO | | | | | | | | | | | | | | | | | | | | | | | | |
| | ပတာခ တစ်ခုလုံး | | | | | | | | | | | | | | | | | | | | | | | | |
| ဌာနတွင် အုပ်ချုပ်မှုနှင့် စနစ်များ ခိုင်မာမှု တိုးတက်စေရန် ဆောင်ရွက်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |

ပြုပြင်ပြောင်းလဲရေး တလျှောက်လုံး လုပ်ဆောင်ရမည့် လုပ်ငန်းများ

| | | ၂၀၁၄-၁၅ | | | | ၂၀၁၅-၁၆ | | | | ၂၀၁၆-၁၇ | | | | ၂၀၁၇-၁၈ | | | | ၂၀၁၈-၁၉ | | | | ၂၀၁၉-၂၀၂၀ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 | Q1 | Q2 | Q3 | Q4 |
| စွမ်းဆောင်ရည် မြှင့်တင်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| ဆက်သွယ်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| အပြောင်းအလဲ စီမံခန့်ခွဲခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| ကြောင်းကျိုး သက်ဆိုင်သူများ (Stakeholder )အား စီမံခန့်ခွဲခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| အလှူရှင်များ၏ ပံ့ပိုးမှုကို စီမံခန့်ခွဲခြင်း | | | | | | | | | | | | | | | | | | | | | | | | | |

LTO = အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ MTO = အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး၊ STO = အခွန်ထမ်းငယ်များဆိုင်ရာ အခွန်ရုံး၊ Q1 = ပထမ သုံးလပတ်၊ Q2 = ဒုတိယ သုံးလပတ်၊ Q3 = တတိယ သုံးလပတ်၊ Q4= စတုတ္ထ သုံးလပတ်